အိမ်ငှားတယောက်အနေနဲ့ အိမ်ငှားခ အချိန်မီပေးဖို့ အရေးကြီးပါတယ်။ အိမ်ငှားစာချုပ်ကို လက်မှတ် ထိုးပြီးပြီဆိုရင် အိမ်ငှားခပုံမှန်ပေးဖို့ သဘောတူပြီး တာပဲ ဖြစ်ပါတယ်။

အိမ်ငှားခပေးဖို့ နောက်ကျရင် သဘောတူညီမှုကို ချိုးဖောက်တာဖြစ်ပြီး အိမ်ငှားခအကြွေး တင်နေပြီ ဖြစ်ပါတယ်။

သင့်မှာအိမ်ငှားခပေးဖို့ အခက်အခဲ ရှိနိုင်ပါတယ်။ အထူးသဖြင့် ကိုယ့်ဝင်ငွေအပြောင်းအလဲဖြစ်တဲ့အခါ ဒါမှမဟုတ် နေမကောင်းဖြစ်တဲ့အခါမျိုးမှာ ဖြစ်ပါတယ်။

ဘာအကြောင်းမှမရှိပဲ အိမ်ငှားခမပေးပဲနေမိလိုက်ရင် ပြဿနာဖြစ်လာနိုင်ပါတယ်။

အိမ်ငှားခပေးဖို့နောက်ကျနေရင် ပြီးတော့ နောက်ကျကြေးမပေးနိုင်ရင် ဒီအတိုင်း မနေပါနဲ့။

ကိုယ့်အကျိုးဆောင် ဒါမှမဟုတ် အိမ်ရှင်ကို ချက်ခြင်းပြောပါ။

အိမ်ငှားခဆက်ပေးဖို့ အစီအစဉ်ကို ညှိနှိုင်းပါ။

အဲဒီအစီအစဉ်ဆိုတာ ကိုယ်ပေးဖို့ရှိတဲ့ အကြွေးကို အရစ်ကျ အချိန်ယူပြန်ပေးဖို့ပါပဲ။

အဲဒီအရစ်ကျပေးရမယ့်ငွေကို နဂိုမူလ အိမ်ငှားခအပြင်ထပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

ကိုယ်နဲ့အိမ်ရှင်နဲ့ နှစ်ယောက်လုံး ဘယ်လောက် ပေးမယ်ဆိုတာရယ် ဘယ်အချိန်ပေးမယ် ဆိုတာရယ်ဆိုတဲ့ အစီအစဉ်ကို သဘောတူဖို့ လိုပါတယ်။

နှစ်ဖက်လုံးသဘောတူပြီးပြီဆိုရင် စာရွက်ပေါ် ချရေးပြီး နှစ်ဦးနှစ်ဖက်လက်မှတ်ထိုးထားပါ။

## ကိုယ့်ကို နှင်ချ နိုင်ပါသလား။

အိမ်လခပေးဖို့ ၁၄ ရက်နောက်ကျတယ်ဆိုရင် အိမ်ရှင်က အိမ်ငှားတာကို အဆုံးသတ်ဖို့ Termination Notice ပေးပို့နိုင်ပါတယ်။

အဲဒီသတိပေးစာမှာ ၁၄ ရက်အတွင်း အိမ်ကဖယ်ပေးဖို့ ပြောထားပါလိမ့်မယ်။

## အိမ်ကမဖယ်ပေးရင် ဘာဖြစ်နိုင်လဲ

၁၄ ရက်အတွင်းအိမ်က ဖယ်မပေးဘူးဆိုရင် အိမ်ရှင်က Consumer, Trader and Tenancy Tribunal ကို အိမ်ဆက်မငှားလိုကြောင်း လျှောက်ထားနိုင်ပါတယ်။

Tribunal ကအမိန့်စာမပါပဲ အိမ်ရှင်က ကိုယ့်ကို အတင်းဖယ်ခိုင်းလို့မရပါဘူး။

## Tribunal ကြားနာစစ်ဆေးခြင်းအကြောင်း

ပထမဦးဆုံး Tribunal က ကြားနာစစ်ဆေးပွဲကို တက်ဖို့ဖိတ်တဲ့ စာတစောင် ရရှိပါလိမ့်မယ်။

အဲဒီကြားနာစစ်ဆေးပွဲကို တက်ပြီး ကိုယ့်အထောက် အထားတွေကို ပြောပြဖို့ အရေးကြီးပါတယ်။

စကားပြန်လိုတယ်ဆိုရင် Tribunal ကိုပြောပြပါ။ စကားပြန်ကို အခမဲ့ရရှိနိုင်ပါတယ်။

ကြားနာစစ်ဆေးပွဲမှာ Tribunal ကအကြွေးပြန်ဆပ်ဖို့ အစီအစဉ်ကို သင်နဲ့ အိမ်ရှင်အကြားမှာ သဘောတူညီချက်ရဖို့ အကူအညီပေးပါလိမ့်မယ်။

သင်နဲ့ အိမ်ရှင်အကြားမှာ သဘောတူညီချက် မရနိုင်ဘူးဆိုရင် Tribunal ကအဆုံးအဖြတ်ပေးပြီး အမိန့်စာထုတ်ပါလိမ့်မယ်။

အမိန့်စာဆိုတာ ဥပဒေကြောင်းအရ လူတဦး တယောက်ကို ညွှန်ကြားချက် ပေးတာ ဖြစ်ပါတယ်။

Tribunal ရဲ့အခန်းကဏ္ဍနဲ့ပါတ်သက်ပြီး ရှာဖွေချင်တယ်ဆိုရင် YouTube မှာ သူတို့ရဲ့ DVD ကိုရှာကြည့်လို့ရပါတယ်။ ဒါမှမဟုတ် သူတို့ရဲ့ ဝက်ဘ်ဆိုဒ် စာမျက်နှာမှာ သွားကြည့်လို့ရပါတယ်။

## အိမ်ငှားအကြွေးတင်ပြီး ပြောင်းသွားရင်ဘာဖြစ်မလဲ

သဘောတူညီချက်တဲ့ပိုတဲ့ငွေပမာဏ အကြွေးတင်ပြီး ပြောင်းသွားရတယ်ဆိုရင် အကျိုးဆောင် ဒါမှမဟုတ် အိမ်ရှင်က Tenancy Database မှာ သင့်နာမည်ကို ထည့်ထားနိုင်ပါတယ်။

အဲဒီစာရင်းထဲမှာ သင့်နာမည် ပါနေမယ်ဆိုရင် နောက်နောင် တခြားနေရာမှာ အိမ်ထပ်ငှားဖို့ ခက်ခဲပါလိမ့်မယ်။

## အိမ်ငှားကြွေးကို ဘယ်လိုရှောင်မလဲ

အိမ်ငှားတယောက်အနေနဲ့ အိမ်ငှားခကို အချိန်မှန် ပေးဖို့လိုပါတယ်။ အိမ်ငှားခကို သဘောတူညီ ထားတဲ့နည်းလမ်းနဲ့ အိမ်ငှားကြွေး မတင်အောင်ပေးဖို့ စီစဉ်ထားရမှာဖြစ်ပါတယ်။

ဥပမာ အိမ်ငှားခကို ဘဏ်ထဲကနေသတ်မှတ်တဲ့နေ့မှာ တခါတည်း နှုတ်ယူနိုင်ပါတယ်။

ကိုယ့်ဘဏ်စာရင်းထဲမှာ ငွေအလုံအလောက်ရှိဖို့တော့ လိုပါတယ်။ ဒါမှမဟုတ် ဘဏ်မှာကျသင့်ငွေကို ပေးချေရမှာဖြစ်ပါတယ်။

အကျိုးဆောင်က သူတို့ရုံးမှာ Centrepay, EFTPOS လိုမျိုး အိမ်ငှားခပေးဆောင်တဲ့ နည်းလမ်း ရွေးချယ်စရာတခုကို အခမဲ့ စီစဉ်ပေးရပါမယ်။

အိမ်ငှားခကိုပေးဆောင်ဖို့ အခက်အခဲ တွေ့နေတယ် ဆိုရင် ကိုယ့်ဒေသတွင်း Housing NSW ကိုဆက်သွယ်ပါ။  သူတို့က ကူညီနိုင်ပါလိမ့်မယ်။

ကိုယ့်ဘဏ္ဍာရေးအခြေအနေကို စီမံခန့်ခွဲပြီး ငွေစာရင်းရေးဆွဲဖို့ ဘဏ္ဍာရေးအကြံပေး ဆီမှာလည်း အကူအညီရယူနိုင်ပါတယ်။

အိမ်ရှင် အိမ်ငှါးကိစ္စတွေနဲ့ပတ်သက်ပြီး၊ အကြောင်း အရာ ပို သိလိုပါက Fair Trading ရဲ့ ဝဗ်ဆိုက်ဖြစ်တဲ့ www.fairtrading.nsw.gov.au ကိုသွား ကြည့်ပါ၊ ဒါမှမဟုတ်၊ ၁၃ ၃၂ ၂၀ ကို ဆက်သွယ်မေးမြန်းပါ။

စကားပြန်အကူအညီလို အပ် ရင် ၁၃ ၁၄ ၅၀ ကို ဆက်သွယ်ပါ။